# ငါးရှာမင်္ဂလာရေအသုံးချသူများအသင်းကြီး

# ပျော့ရှာမြစ်ရေတင်စီမံကိန်း

# မြင်းမူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

# အတွေ့အတွေ့သတင်းအချက်အလက်နှင့်စည်းမျဉ်းများ



ဤစာအုပ်၏မူပိုင်ခွင့်အားမူပိုင်ခွင့်၂၀၁၉ ©2019 အရ

International Water Management Institute

စာတိုက်သေတ္တာအမှတ် ၂၀၇၅ ကိုလံဘိုမြို့ သီရိလင်္ကာနိုင်ငံ မှပိုင်ဆိုင်သည်။

မူပိုင်ခွင့်အားလုံးမှတ်ပုံတင်ပြီး။

ဤစာအုပ်ပါအချက်အလက်များအားမည်သည့်ပုံစံနှင့်မဆို

အသုံးပြုလိုပါက International Water Management Institute ထံ

အသိပေးအကြောင်းကြားရန်တိုက်တွန်းပါသည်။


(မျက်နှာဖုံးဓာတ်ပုံ: Gold Cougar Co.,Ltd)

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ပျော့ရွှာမြစ်ရေတင်စီမံကိန်းနှင့်<br>ငါးရွှာမင်္ဂလာရေအသုံးချသူများအသင်းကြီး၏ အချက်အလက်အကျဉ်းချုပ် | ၁ |
| ငါးရွှာမင်္ဂလာရေအသုံးချသူများအသင်းကြီး၏ အဖွဲ့ခွဲများ<br>တည်ရှိရာနေရာအလိုက် မြေအမျိုးအစားပြမြေပုံ | ၂ |
| ပျော့ရွှာလျှပ်စစ်မြစ်ရေတင်စီမံကိန်းအတွင်းရှိမြေအမျိုးအစားကိုမူတည်ပြီး<br>လက်ရှိသီးနှံစိုက်ပျိုးမှုပုံစံနှင့် အဆိုပြုသီးနှံစိုက်ပျိုးမှုပုံစံ | ၃ |
| ငါးရွှာမင်္ဂလာရေအသုံးချသူများအသင်းကြီး၏အထွေထွေအချက်အလက်များ | ၅ မှ ၁၁ |
| ငါးရွှာမင်္ဂလာရေအသုံးချသူများအသင်းကြီး၏တာဝန်နှင့်စည်းမျဉ်းစည်းကမ်းများ<br>(ဒါရိုက်တာဘုတ်အဖွဲ့၊ စီမံခန့်ခွဲမှုဘုတ်အဖွဲ့၊ ကန်ဒိုင်နှင့်အဖွဲ့ခွဲကိုယ်စားလှယ်များအတွက်) | ၁၃ မှ ၁၈ |
| ငါးရွှာမင်္ဂလာရေအသုံးချသူများအသင်းကြီး၏တာဝန်နှင့်စည်းမျဉ်းစည်းကမ်းများ<br>(အသင်းဝင်များအတွက်) | ၂၀ မှ ၂၅ |
| ငါးရွှာမင်္ဂလာ ရေအသုံးချသူများ အသင်းကြီး၏ဒါရိုက်တာဘုတ်အဖွဲ့၊<br>စီမံခန့်ခွဲမှုဘုတ်အဖွဲ့နှင့်သက်ဆိုင်ရာရေတင်အဆင့် (၁၊ ၂၊ ၃)တို့မှ<br>ကန်ဒိုင်နှင့် အဖွဲ့ခွဲကိုယ်စားလှယ်များ၏ ဖုန်းနံပါတ်များ | ၂၇ မှ ၃၀ |

## ပျော့ရွာမြစ်ရေတင်စီမံကိန်း

ပျော့ရွာမြစ်ရေတင်စီမံကိန်းသည်မြန်မာနိုင်ငံတော်အစိုးရမှစိုက်ပျိုးရေးထွက်ကုန်များဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်နေသောမဟာဗျူဟာမှတစိတ်တပိုင်းဖြစ်သည့်မြစ်ရေတင်စီမံကိန်း၃၀၀အနက်မှတခုဖြစ်ပါသည်။ပျော့ရွာမြစ်ရေတင်စီမံကိန်း၏ရေအရင်းအမြစ်မှာမူးမြစ်ဖြစ်ကာစပါး၊ပဲမျိုးစုံနှင့်ဂျုံစသည့်စိုက်ပျိုးသီးနှံမျိုးစုံအတွက်ရေပေးဝေပေးလျှက်ရှိပါသည်။
စီမံကိန်းအနေဖြင့်ရေပေးဝေနိုင်ရန်လျာထားသောစိုက်ပျိုးမြေပမာဏမှာ
ဧက၅၀၀၀ဖြစ်ပါသည်။





ရေတင်အဆင့်၃ဆင့်ဖြင့်ရေပေးဝေမှုများအားဆောင်ရွက်လျက်ရှိရာ
ရေတင်အဆင့် ၁ တွင် ၃၀ကျူစက်+၃၁၅ကီလိုဝပ်မော်တာ ၄လုံး၊
၃၀ကျူစက်+၂၅၀ကီလိုဝပ်မော်တာ ၂လုံးတို့ဖြင့်လည်းကောင်း
ရေတင်အဆင့် ၂ တွင် ၂၀ကျူစက်+၁၃၂ကီလိုဝပ်မော်တာ ၅လုံးတို့ဖြင့်
လည်းကောင်း
ရေတင်အဆင့် ၃ တွင် ၁၅ကျူစက်+၉၀ကီလိုဝပ်မော်တာ ၄လုံးတို့ဖြင့်
လည်းကောင်း
ရေပေးဝေမှုများအားဆောင်ရွက်လျက်ရှိပါသည်။

## ငါးရွာမင်္ဂလာရေအသုံးချသူများအသင်းကြီး

**စတင်တည်ထောင်သည့်နေ့ ၆.၆.၂၀၁၈**
လက်ရှိအသင်းဝင်ဦးရေ=၉၇၃ဦး
ဒါရိုက်တာဘုတ်အဖွဲ့ ( ၅ဦး)
စီမံခန့်ခွဲမှုဘုတ်အဖွဲ့ (၅ဦး)
ရေတင်အဆင့်ညှိနှိုင်းကွပ်ကဲမှုကော်မတီ (၁) (၂) (၃)

| | ရေတင်အဆင့် ၁ | ရေတင်အဆင့် ၂ | ရေတင်အဆင့် ၃ | စုစုပေါင်း |
|---|---|---|---|---|
| ရေအသုံးချသူများအဖွဲ့ | ၂ | ၁၂ | ၄ | ၁၈ |
| ရေအသုံးချသူများအဖွဲ့ခွဲ | ၉ | ၃၀ | ၁၄ | ၅၃ |



N
S
E
W
SG-30
SG-29
SG-28
SG-27
SG-26
SG-25
SG-24
SG-23
SG-22
SG-21
SG-20
SG-19
SG-18
SG-17
SG-16
SG-15
SG-14
SG-13
SG-12
SG-11
SG-10
SG-9
SG-8
SG-7
SG-6
SG-5
SG-4
SG-3
SG-2
SG-1
PS 1
PS 2
PS 3
MC
LMC
မြေပုံအညွှန်း
ရေတင်စခန်းများ
ပင်မမြောင်းမကြီး
အဖွဲ့ခွဲများ
သက်ရင့်နုန်းမြေ
ရွှံ့မြေ (လယ်မြေ)
မြေနီသဲဝန်း
စနယ်မြေ
သဲမြေ (မြေဂါသဲဝန်း)
0 0.2 0.4 0.8 1.2 1.6 Miles

## ပျော့ရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင်းရှိရွာများတွင်မြေအမျိုးအစားကိုမူတည်ပြီးလက်ရှိသီးနှံစိုက်ပျိုးမှုပုံစံနှင့်အဆိုပြုသီးနှံစိုက်ပျိုးမှုပုံစံ

<table>
<tr><th rowspan="2">မြေအမျိုးအစား</th><th rowspan="2">သီးနှံစိုက်ပျိုး မှုစနစ်</th><th colspan="4">မိုးကြို</th><th colspan="4">မိုး</th><th colspan="2">မိုးနှောင်း</th><th colspan="2">ဆောင်း</th></tr>
<tr><th>ဖေဖော်ဝါရီ (တပို့တွဲ)</th><th>မတ် (တပေါင်း)</th><th>ဧပြီ (တန်ခူး)</th><th>မေ (ကဆုန်)</th><th>ဇွန် (နယုန်)</th><th>ဇူလိုင် (ဝါဆို)</th><th>ဩဂုတ် (ဝါခေါင်)</th><th>စက်တင်ဘာ (တော်သလင်း)</th><th>အောက်တိုဘာ (သီတင်းကျွတ်)</th><th>နိုဝင်ဘာ (တန်ဆောင်မုန်း)</th><th>ဒီဇင်ဘာ (နတ်တော်)</th><th>ဇန်နဝါရီ (ပြာသို)</th></tr>
<tr><td rowspan="5">စနယ်မြေ</td><td>လက်ရှိပုံစံ</td><td>ကုလားပဲ/ နေကြာ</td><td colspan="4">ပဲတီစိမ်း</td><td colspan="5">စပါး</td><td colspan="2">ကုလားပဲ/နေကြာ</td></tr>
<tr><td>အဆိုပြုပုံစံ</td><td>ငရုတ်</td><td colspan="4">ပဲတီစိမ်း</td><td colspan="7">ငရုတ်</td></tr>
<tr><td>အဆိုပြုပုံစံ</td><td colspan="5">ငရုတ်</td><td colspan="5">စပါး</td><td colspan="2">ငရုတ်</td></tr>
<tr><td>အဆိုပြုပုံစံ</td><td>ကုလားပဲ/ နေကြာ</td><td colspan="4">ရုံးပတီ/ပဲတောင့်ရှည်</td><td colspan="5">စပါး</td><td colspan="2">ကုလားပဲ/ နေကြာ</td></tr>
<tr><td>အဆိုပြုပုံစံ</td><td>ကုလားပဲ</td><td colspan="4">ပဲတီစိမ်း</td><td colspan="4">ရုံးပတီ/ပဲတောင့်ရှည်</td><td>ကုလားပဲ</td><td>ကုလားပဲ</td><td>ကုလားပဲ</td></tr>
<tr><td colspan="14"></td></tr>
<tr><td rowspan="3">သက်ရင့်နုံးမြေ</td><td>လက်ရှိပုံစံ</td><td>ကုလားပဲ/ မြေပဲ</td><td colspan="4">ပဲတီစိမ်း</td><td colspan="4">မြေလုပ်ကာလ</td><td colspan="3">ကုလားပဲ/မြေပဲ</td></tr>
<tr><td>အဆိုပြုပုံစံ</td><td>ကုလားပဲ/ မြေပဲ</td><td colspan="5">ပဲတီစိမ်း</td><td colspan="3">ရုံးပတီ/ပဲတောင့်ရှည်/ခရမ်း</td><td colspan="3">ကုလားပဲ/ မြေပဲ</td></tr>
<tr><td>အဆိုပြုပုံစံ</td><td colspan="5">ရုံးပတီ/ပဲတောင့်ရှည်</td><td colspan="7">ငရုတ်</td></tr>
<tr><td colspan="14"></td></tr>
<tr><td rowspan="3">မြေနီသဲဝန်း</td><td>လက်ရှိပုံစံ</td><td colspan="5">မြေလုပ်/ပဲတီစိမ်း</td><td colspan="3">နှမ်း</td><td colspan="4">မြေပဲ</td></tr>
<tr><td>အဆိုပြုပုံစံ</td><td colspan="5">ပဲတီစိမ်း</td><td colspan="4">ရုံးပတီ/ပဲတောင့်ရှည်</td><td colspan="3">ပဲတီစိမ်း</td></tr>
<tr><td>အဆိုပြုပုံစံ</td><td colspan="5">နှမ်း/ပဲတီစိမ်း</td><td colspan="4">ရုံးပတီ/ပဲတောင့်ရှည်</td><td colspan="3">မြေပဲ</td></tr>
<tr><td colspan="14"></td></tr>
<tr><td rowspan="3">သဲမြေ (မြေဝါသဲဝန်း)</td><td>လက်ရှိပုံစံ</td><td colspan="5">မြေလုပ်ကာလ</td><td colspan="3">နှမ်း/ပဲတီစိမ်း</td><td colspan="4">မြေပဲ</td></tr>
<tr><td>အဆိုပြုပုံစံ</td><td>နေကြာ</td><td colspan="5">ပဲတီစိမ်း</td><td colspan="4">ရုံးပတီ/ပဲတောင့်ရှည်</td><td colspan="2">နေကြာ</td></tr>
<tr><td>အဆိုပြုပုံစံ</td><td colspan="5">ခရမ်း/ရုံးပတီ/ပဲတောင့်ရှည်</td><td colspan="7">ငရုတ်</td></tr>
<tr><td colspan="14"></td></tr>
<tr><td rowspan="3">နုံးမြေ (လယ်မြေ)</td><td>လက်ရှိပုံစံ</td><td colspan="6">စပါး</td><td colspan="3">ရေလွှမ်းချိန်</td><td colspan="3">ကုလားပဲ/ဖရဲ</td></tr>
<tr><td>အဆိုပြုပုံစံ</td><td colspan="6">ငရုတ်</td><td colspan="3">ရေလွှမ်းချိန်</td><td colspan="3">ငရုတ်</td></tr>
<tr><td>အဆိုပြုပုံစံ</td><td colspan="6">ခရမ်း/ရုံးပတီ/ပဲတောင့်ရှည်</td><td colspan="3">ရေလွှမ်းချိန်</td><td colspan="3">ကုလားပဲ/ ဖရဲ</td></tr>
<tr><td colspan="14">မှတ်ချက်၊အဆိုပြုစိုက်ပျိုးသီးနှံပုံစံများမှာ၎င်းတို့၏အကျိုးအမြတ်ရရှိမှုလက်ရှိဈေးကွက်ချိတ်ဆက်မှုနှင့်စံပြစိုက်ကွက်များမှရလာဒ်များကိုမူတည်ပြီးရေးဆွဲထားခြင်းဖြစ်သည်။</td></tr>
</table>

# ငါးရှာမင်္ဂလာရေအသုံးချသူများအသင်းကြီး
# ၏
# အထွေထွေအချက်အလက်များ

## ငါးရှာမင်္ဂလာရေအသုံးချသူများအသင်းကြီးဖွဲ့ စည်းပုံ




မှတ်ချက်။ * စီမံကိန်းလက်ထောက်မန်နေဂျာသည်ရေအသုံးချသူများအသင်းကြီး၏အသင်းဝင်မဖြစ်သော်လဲ ရေတင်အဆင့်ညှိနှိုင်းကွပ်ကဲမှုကော်မတီတွင်ပါဝင်ဆွေးနွေးပါသည်။

(ဤစာအုပ်တွင်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့် ခွဲရေးဦးစီးဌာန၏ခွင့်ပြုချက်ဖြင့်၂၀၁၈ခုနှစ်တွင်ဖွဲ့ စည်းခဲ့သောငါးရှာမင်္ဂလာရေအသုံးချသူများအသင်းကြီး၏အဓိကကျသည့်စည်းမျဉ်းစည်းကမ်းများအကျဉ်းချုပ်ပါဝင်ပါသည်။အဖွဲ့ ခွဲကိုယ်စားလှယ် နှင့်ကန်ဒိုင်ဖြစ်ထိုက်ခွင့်နှင့်အခြားသောသတင်းအချက်အလက်များအားငါးရှာမင်္ဂလာရေအသုံးချသူများအသင်းကြီး၏ရုံးခန်းတွင်အသင်းဝင်မည်သူမဆိုစုံစမ်းမေးမြန်းနိုင်ပါသည်။)

## ငါးရွာမင်္ဂလာရေအသုံးချသူများအသင်းကြီး၏ရည်ရွယ်ချက်များ

- ပျော့ရွာမြစ်ရေတင်စီမံကိန်းရေရှည်တည်တံ့စေရန်
- စီမံကိန်းဧရိယာအတွင်းရှိအသင်းဝင်တောင်သူများအားလုံးရေကိုညီမျှစွာရရှိစေရန်
- ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့်အတူပူးပေါင်းဆောင်ရွက်ရန်
- စီမံကိန်းဧရိယာအတွင်းရှိအသင်းဝင်တောင်သူများ၏စိုက်ပျိုးထုတ်လုပ်မှုအားထောက်အကူပြုရန်
- အသင်းဝင်တောင်သူများအနေဖြင့်ထွက်နှုန်းမြင့်သီးနှံမျိုးများရရှိနိုင်စေရန်
- စီမံကိန်းဧရိယာအတွင်းရှိစိုက်ပျိုးထုတ်လုပ်မှုများအားခေတ်မီဖွံ့ဖြိုးအောင်ဆောင်ရွက်ရန် (ဥပမာ။စက်မှုလယ်ယာစနစ်သို့ အဆင့်မြှင့်တင်ကူးပြောင်းခြင်း)
- အသင်းဝင်တောင်သူများ၏စည်းကမ်းလိုက်နာမှုအားကောင်းလာစေရန်တို့ ဖြစ်ပါသည်။

## အသင်းဝင်ခြင်း

၁။ စီမံကိန်းဧရိယာအတွင်းမိမိပိုင်မြေပေါ် သို့ မဟုတ်ငှားရမ်းထားသောမြေပေါ် တွင်သီးနှံတစ်မျိုးမျိုးအားစီမံကိန်းမှရေကို အသုံးပြု၍စိုက်ပျိုးသည့်မည်သည့်တောင်သူမဆိုရေအသုံးချသူများအသင်းကြီး၏အသင်းဝင်ဖြစ်ခွင့်ရှိသည်။

၂။ အသင်းဝင်အဖြစ်လျှောက်ထားချိန်တွင်လျှောက်ထားသူသည်အသက် ၁၈နှစ်နှင့်အထက်ပြည့်ပြီးသူဖြစ်ရမည်။

၃။ ရေအသုံးချသူများအသင်းကြီးသို့ သတ်မှတ်ထားသည့်အသင်းဝင်ကြေးအားပေးဆောင်ပြီးသည်နှင့်အသင်းဝင်အဖြစ်သို့ ရောက်ရှိမည်ဖြစ်သည်။

## အသင်းဝင်တစ်ဦး၏အခွင့်အရေးများ

အသင်းဝင်တစ်ဦးအနေဖြင့်

၁။ စိုက်ပျိုးရေအားညီမျှစွာရရှိမည်။

၂။ စီမံကိန်းနှင့်သက်ဆိုင်သောအခက်အခဲပြဿနာများအားရေအသုံးချသူများအသင်းကြီး၏သက်ဆိုင်ရာအစည်းအဝေးများတွင်တင်ပြဆွေးနွေးခွင့်ရရှိမည်။

၃။ မိမိစိုက်လိုသောသီးနှံအားမိမိ၏ဘေးချင်းကပ်တောင်သူများနှင့်သဘောတူညီမှုရယူကာစိုက်ပျိုးနိုင်မည်။

၄။ မိမိစိုက်ပျိုးမြေတည်ရှိရာနေရာရှိသက်ဆိုင်ရာအဖွဲ့ခွဲနှင့်ရေအသုံးချသူများအဖွဲ့ အတွက်ကိုယ်စားလှယ်နှင့်ကန်ဒိုင်များအားမဲပေးရွေးချယ်ခွင့်ရှိသည်။(အဖွဲ့ ဝင်တစ်ဦးလျှင်တစ်မဲသာပေးခွင့်ရှိသည်။)

၅။ ရေအသုံးချသူများအသင်းကြီး၏ဘဏ္ဍာရေးရှင်းတမ်းအားသိရှိခွင့်ရှိသည်။

၆။ ရေအသုံးချသူများအသင်းကြီးသို့ တောင်းဆိုမှုသို့ မဟုတ်တိုင်ကြားမှုအားတင်ပြခွင့်ရှိသည်။

## အသင်းဝင်ကြေး ၊ အခွန်အခများ နှင့် ရန်ပုံငွေ

### ၁။ အသင်းဝင်ကြေး

အသင်းဝင်ကြေးမှာတစ်ဦးလျှင်သို့ မဟုတ်အိမ်ထောင်စုတစ်စုလျှင်၁၀၀၀(တစ်ထောင်ကျပ်)ဖြစ်ပြီးရေအသုံးချသူများအသင်းကြီးသို့ ပေးဆောင်ရမည်ဖြစ်သည်။

### ၂။ ရာသီအလိုက်စုဆောင်းငွေ

ရာသီအလိုက်စုဆောင်းငွေမှာစိုက်ပျိုးသည့်မြေဧကအရေအတွက်ပေါ်မူတည်၍၁ဧကလျှင်၂၀၀ကျပ်(နှစ်ရာကျပ်)နှုန်းဖြင့်စိုက်ပျိုးချိန်ရာသီတိုင်းတွင်ရေအသုံးချသူများအသင်းကြီးသို့ ပေးဆောင်ရမည်ဖြစ်သည်။

### ၃။ ဝန်ဆောင်ခ

ကန်ဒိုင်နှင့်အဖွဲ့ ခွဲကိုယ်စားလှယ်များ၏တာဝန်ထမ်းဆောင်မှုများအတွက်ဝန်ဆောင်ခအဖြစ်စိုက်ပျိုးထားသောဧရိယာအပေါ်တွင်မူတည်၍၁ဧကလျှင်၂၀၀၀ကျပ်(နှစ်ထောင်ကျပ်)နှုန်းဖြင့်စိုက်ပျိုးချိန်ရာသီတိုင်းတွင်ပေးဆောင်ရမည်ဖြစ်သည်။

### ၄။ ရေခွန်

စပါးနှင့်အခြားသီးနှံများအတွက်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့် ခွဲရေးဦးစီးဌာနမှလက်ရှိသတ်မှတ်ထားသောနှုန်းထားအတိုင်းရေခွန်အားပေးဆောင်ရမည်။ စပါးအတွက်ရေခွန်မှာမိုးရာသီကာလအတွက်၁ဧကလျှင် ၆၀၀၀ကျပ် (ခြောက်ထောင်ကျပ်)နှုန်းနှင့်နွေရာသီကာလအတွက်၁ဧကလျှင်၉၀၀၀ကျပ်(ကိုးထောင်ကျပ်)နှုန်းဖြစ်ပြီးအခြားသီးနှံများအတွက်မှာ၁ဧကလျှင်၃၀၀၀ကျပ်(သုံးထောင်ကျပ်)ဖြစ်သည်။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့် ခွဲရေးဦးစီးဌာနအနေဖြင့်နိုင်ငံတော်မှချမှတ်သည့်မူဝါဒများပေါ်တွင်မူတည်၍ရေခွန်နှုန်းထားများအားပြောင်းလဲသတ်မှတ်ခွင့်ရှိသည်။

### ၅။ ရန်ပုံငွေ

အသင်းကြီး၏ရန်ပုံငွေအားအသင်းဝင်များ၏လှူဒါန်းခြင်းမှသော်လည်းကောင်း အခြားအလှူရှင်များ၏လှူဒါန်းခြင်းမှသော်လည်းကောင်း အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းမှသော်လည်းကောင်း ငွေသားပုံစံဖြင့်ဖြစ်စေဥပဒေနှင့်ကိုက်ညီသောအကျိုးအကြောင်းသင့်အကျိုးပြုအစီအစဉ်ပုံစံဖြင့်သော်လည်းကောင်းတည်ထောင်နိုင်ပါသည်။

## အစည်းအဝေးများ

### ၁။ အထွေထွေအစည်းအဝေး

(က) အထွေထွေအစည်းအဝေးအား ၁နှစ်လျှင် ၃ ကြိမ်ကျင်းပရမည်။

- မိုးဦးကာလတွင် ၁ကြိမ်
- မိုးသီးနှံရိတ်သိမ်းပြီးချိန်တွင် ၁ကြိမ်
- ဘဏ္ဍာရေးနှစ်တိုင်း၏အစတွင် ၁ကြိမ် (နှစ်တိုင်း၏ဇန်နဝါရီလတွင်)

(ခ) အထွေထွေအစည်းအဝေးတွင်ရာသီအလိုက်လုပ်ဆောင်ရမည့်ဆောင်ရွက်ချက်များနှင့်လာမည့်ရာသီ အတွက်ဘဏ္ဍာရေးအစီအမံများကိုဆွေးနွေးဆုံးဖြတ်ကြမည်ဖြစ်သည်။ထို့ အတူပြီးခဲ့သည့်ရာသီအတွင်းရရှိခဲ့ သောအောင်မြင်မှုများနှင့်တွေ့ ကြုံခဲ့ရသောအခက်အခဲများကိုလည်းသင်ခန်းစာရယူနိုင်ရန်ပြန်လည်သုံးသပ် ဆွေးနွေးသွားမည်ဖြစ်သည်။

ဒါရိုက်တာဘုတ်အဖွဲ့ ဝင်များ၊စီမံခန့် ခွဲမှုဘုတ်အဖွဲ့ ဝင်များနှင့်ကန်ဒိုင်များသည်အထွေထွေအစည်းသို့ မဖြစ်မနေတက်ရောက်ရမည်ဖြစ်သည်။ရေအသုံးချသူများအသင်းကြီး၏အသင်းဝင်များသည်အထွေထွေအစည်း အဝေးသို့ တက်ရောက်ကာသက်ဆိုင်ရာအကြောင်းအရာများအားပါဝင်ဆွေးနွေးနိုင်သည်။

စီမံခန့် ခွဲမှုဘုတ်အဖွဲ့ ၏အတွင်းရေးမှူးမှအသင်းဝင်များအား ၇ရက်ကြို၍ဖိတ်ကြားပေးရမည်ဖြစ်သည်။

အစည်းအဝေးပြီးဆုံးချိန်တွင်အစည်းအဝေးနောက်တကြိမ်ပြန်လည်ကျင်းပမည့်ရက်အားအသိပေးရမည်။

### ၂။ အရေးပေါ် အစည်းအဝေး

အရေးပေါ် အစည်းအဝေးအားရေပေးဝေမှုနှင့်စပ်လျဥ်းသောပြဿနာသို့ မဟုတ်အခက်အခဲပေါ် ပေါက်ချိန် တွင်ခေါ် ယူရမည်ဖြစ်သည်။အရေးပေါ် အစည်းအဝေးသို့ စီမံခန့် ခွဲမှုဘုတ်အဖွဲ့ ဝင်များအားလုံး၊သက်ဆိုင်ရာ ကျေးရွာသို့ မဟုတ်ရေတင်အဆင့်မှဒါရိုက်တာဘုတ်အဖွဲ့ ဝင်နှင့်သက်ဆိုင်ရာဇရိယာမှကန်ဒိုင်သို့ မဟုတ် အဖွဲ့ ခွဲကိုယ်စားလှယ်များတက်ရောက်ရမည်ဖြစ်ပြီးသင့်လျော်သောဖြေရှင်းချက်အားပူးပေါင်းဖော်ထုတ်ရ မည်ဖြစ်သည်။စီမံခန့် ခွဲမှုဘုတ်အဖွဲ့ ၏အတွင်းရေးမှူးမှအသင်းဝင်များအားအရေးပေါ် အစည်းအဝေးခေါ် ယူ နိုင်ရန်ဖိတ်ကြားပေးရမည်ဖြစ်သည်။

(လိုအပ်ခဲ့ပါက )အစည်းအဝေးပြီးဆုံးချိန်တွင်အစည်းအဝေးနောက်တကြိမ်ပြန်လည်ကျင်းပမည့်ရက်အားအသိပေးရမည်။

### ၃။ ရေအသုံးချသူများအသင်းကြီးအဆင့်အစည်းအဝေး

ရေအသုံးချသူများအသင်းကြီးအဆင့်အစည်းအဝေးအားရေတင်အဆင့်များအကြားရေလှည့်ဇယားစီမံခန့် ခွဲခြင်းနှင့် သက်ဆိုင်ရာပဋိပက္ခများဖြေရှင်းရန်လိုအပ်ပါကခေါ် ယူရမည်။သက်ဆိုင်ရာရေတင်အဆင့်ကန်ဒိုင်နှင့်ကျေးရွာအုပ်ချုပ် ရေးမှူးများအားလုံးတက်ရောက်ရမည်ဖြစ်သည်။အဖွဲ့ ခွဲကိုယ်စားလှယ်များလည်းပါဝင်တက်ရောက်နိုင်သည်။ ကန်ဒိုင်များအနေဖြင့်သက်ဆိုင်ရာရေတင်အဆင့်ညှိနှိုင်းကွပ်ကဲမှုကော်မတီအစည်းအဝေးတွင်ရေပေးဝေမှုနှင့်စပ်လျဥ်း ၍ဆက်သွယ်ဆောင်ရွက်ရန်နှင့်ရေလှည့်ဇယားအတိုင်းဆောင်ရွက်မှုရှိစေရန်တာဝန်ယူဆောင်ရွက်ရမည်။ ကိုယ်စားလှယ်များ၊ကန်ဒိုင်များနှင့်ကျေးရွာအုပ်ချုပ်ရေးမှူးအားရေအသုံးချသူများအသင်းကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်နိုင်ရန်၁ရက်ကြိုတင်၍ရေအသုံးချသူများအသင်းကြီးမှဖိတ်ကြားပေးရမည်။အစည်းအဝေးပြီးဆုံးချိန်တွင် အစည်းအဝေးနောက်တကြိမ်ပြန်လည်ကျင်းပမည့်ရက်အားအသိပေးရမည်။စိုက်ပျိုးရာသီချိန်အတွင်းလိုအပ်ပါက လိုအပ်သလိုရေအသုံးချသူများအသင်းကြီးအဆင့်အစည်းအဝေးအားခေါ် ယူကျင်းပနိုင်သည်။

## ၄။ ရေတင်အဆင့်ညှိနှိုင်းကွပ်ကဲမှုကော်မတီအစည်းအဝေး


ရေတင်အဆင့်ညှိနှိုင်းကွပ်ကဲမှုကော်မတီအစည်းအဝေးအားရေပေးဝေမှုစီမံခန့်ခွဲရေးအဆင်ပြေစေရန်
နှင့်စိုက်ပျိုးရာသီချိန်များအလိုက်ပေါ်ပေါက်ခဲ့သောပဋိပက္ခများဖြေရှင်းရန်အတွက်၁လလျှင်၂ကြိမ်ခေါ်ယူကျင်းပရမည်။
သက်ဆိုင်ရာရေတင်အဆင့်မှစီမံခန့်ခွဲမှုဘုတ်အဖွဲ့ဝင်များ၊ကျေးရွာအုပ်ချုပ်ရေးမှူးများ(ဒါရိုက်တာဘုတ်အဖွဲ့)၊
ကန်ဒိုင်နှင့်အဖွဲ့ခွဲကိုယ်စားလှယ်များတက်ရောက်ကြရမည်ဖြစ်သည်။သက်ဆိုင်ရာရေတင်
အဆင့်မှအဖွဲ့ခွဲကိုယ်စားလှယ်များအားလုံးအနေဖြင့်ရေတင်အဆင့်ညှိနှိုင်းကွပ်ကဲရေးကော်မတီအစည်းအဝေးသို့ပါဝင်
တက်ရောက်နိုင်သည်။ကန်ဒိုင်မှအသင်းဝင်များအားရေတင်အဆင့်ညှိနှိုင်းကွပ်ကဲမှုကော်မတီအစည်းအဝေး
သို့တက်ရောက်နိုင်ရန်ရက်ကြိုတင်၍ဖိတ်ကြားပေးရမည်ဖြစ်သည်။
အစည်းအဝေးပြီးဆုံးချိန်တွင်အစည်းအဝေးနောက်တကြိမ်ပြန်လည်ကျင်းပမည့်ရက်အားအသိပေးရမည်။

## ၅။ ရေအသုံးချသူများအဖွဲ့ အဆင့်အစည်းအဝေး


ရေအသုံးချသူများအဖွဲ့ အဆင့်အစည်းအဝေးအား၁လလျှင်၁ကြိမ်ခေါ်ယူကျင်းပရမည်ဖြစ်သည်။
ကန်ဒိုင်မှအစည်းအဝေးအားဦးဆောင်ကျင်းပရမည်ဖြစ်ပြီး
ရေအသုံးချသူများအဖွဲ့ အတွင်းရှိအဖွဲ့ခွဲများသို့ ရေပေးဝေမှုအခြေအနေများ၊အဖွဲ့ခွဲကိုယ်စားလှယ်များမဖြေ
ရှင်းနိုင်သည့်အခက်အခဲများနှင့်အဖွဲ့ခွဲများအတွင်းရှိစိုက်ဧကနှင့်သီးနှံအမျိုးအစားပေါ်မူတည်၍ရေပေးဝေမှု
အခြေအနေများအားဆွေးနွေးကြရန်ဖြစ်သည်။သက်ဆိုင်ရာအဖွဲ့ခွဲကိုယ်စားလှယ်များနှင့်ကန်ဒိုင်များတက်
ရောက်ရမည်ဖြစ်သည်။ကန်ဒိုင်မှအသင်းဝင်များရေအသုံးချသူများအဖွဲ့ အဆင့်အစည်းဝေးသို့ တက်
ရောက်နိုင်ရန်၁ရက်ကြိုတင်၍ဖိတ်ကြားပေးရမည်ဖြစ်သည်။
အစည်းအဝေးပြီးဆုံးချိန်တွင်အစည်းအဝေးနောက်တကြိမ်ပြန်လည်ကျင်းပမည့်ရက်အားအသိပေးရမည်။

## ၆။ ရေအသုံးချသူများအဖွဲ့ ခွဲ အဆင့်အစည်းအဝေး


ရေအသုံးချသူများအဖွဲ့ ခွဲအဆင့်အစည်းအဝေးအားစိုက်ပျိုးရာသီချိန်အတွင်းတွင်၁လလျှင်၂ကြိမ်နှင့်စိုက်ပျိုး
ရာသီပြင်ပအချိန်တွင်၁လလျှင်၁ကြိမ်ခေါ်ယူကျင်းပရမည်ဖြစ်သည်။အဖွဲ့ ခွဲကိုယ်စားလှယ်မှအစည်းအဝေး
အားဦးဆောင်ကျင်းပရမည်ဖြစ်ပြီးသက်ဆိုင်ရာအဖွဲ့ ခွဲအတွင်းရှိရေပေးဝေမှုအခြေအနေနှင့်စပ်လျဉ်း၍ဆွေး
နွေးကြရန်ဖြစ်သည်။ထို့ အတူအဖွဲ့ ခွဲအတွင်းရှိသီးနှံများဖြစ်ထွန်းအောင်မြင်မှုအခြေအနေနှင့်အခြားစိုက်ပျိုး
ရေးနှင့်စပ်လျဉ်းသောဆောင်ရွက်ချက်များအားလည်းဆွေးနွေးကြရန်ဖြစ်သည်။အဖွဲ့ ခွဲအတွင်းရှိအသင်းဝင်
တောင်သူများအားလုံးတက်ရောက်ရမည်ဖြစ်သည်။အဖွဲ့ ခွဲကိုယ်စားလှယ်မှအသင်းဝင်များအား
အဖွဲ့ ခွဲအဆင့်အစည်းအဝေးသို့ တက်ရောက်နိုင်စေရန်၁ရက်ကြိုတင်၍ဖိတ်ကြားပေးရမည်ဖြစ်သည်။
အစည်းအဝေးပြီးဆုံးချိန်တွင်အစည်းအဝေးနောက်တကြိမ်ပြန်လည်ကျင်းပမည့်ရက်အားအသိပေးရမည်။




ရေအသုံးချသူများအသင်းကြီးအဆင့် အစည်းအဝေးကျင်းပခြင်း




ရေတင်အဆင့် ညှိနှိုင်းကွပ်ကဲမှု ကော်မတီအစည်းအဝေး ကျင်းပခြင်း




ရေအသုံးချသူများအဖွဲ့အဆင့် အစည်းအဝေးကျင်းပခြင်း




ရေအသုံးချသူများအဖွဲ့ခွဲအဆင့် အစည်းအဝေးကျင်းပခြင်း

# ငါးရှာမင်္ဂလာရေအသုံးချသူများအသင်းကြီး

# ၏

# တာဝန်နှင့်စည်းမျဉ်းစည်းကမ်းများ

(ဒါရိုက်တာဘုတ်အဖွဲ့ ၊ စီမံခန့် ခွဲမှုဘုတ်အဖွဲ့ ၊ ကန်ဒိုင် နှင့် အဖွဲ့ ခွဲကိုယ်စားလှယ်များအတွက်)

## ဒါရိုက်တာဘုတ်အဖွဲ့ ၏တာဝန်နှင့်လုပ်ပိုင်ခွင့်

၁။ ရေအသုံးချသူများအသင်းကြီး၏နှစ်စဉ်အသုံးစရိတ်များအားအတည်ပြုပေးခြင်း (အထွေထွေစီမံခန့် ခွဲမှုနှင့်လုပ်ငန်းများအတွက်)

၂။ ဘဏ္ဍာရေးရှင်းတမ်းများအားအတည်ပြုပေးခြင်း

၃။ စီမံခန့် ခွဲမှုဘုတ်အဖွဲ့ အားအကြံပေးခြင်း

၄။ ကုန်ကျစရိတ်၅၀၀,၀၀၀ကျပ်(ငါးသိန်းကျပ်)နှင့်အထက်သုံးစွဲရန်အတွက်ဆုံးဖြတ်ချက်များအား
အတည်ပြုပေးခြင်း

၅။ စီမံခန့် ခွဲမှုဘုတ်အဖွဲ့ ၏လုပ်ငန်းများအားအတည်ပြုပေးခြင်း

## ဒါရိုက်တာဘုတ်အဖွဲ့ ဝင်အဖြစ်မှရပ်စဲခြင်းနှင့်ထုတ်ပယ်ခြင်း

ဒါရိုက်တာဘုတ်အဖွဲ့ ဝင်များအားလုံးသည်ကျေးရွာအုပ်ချုပ်ရေးမှူးများဖြစ်သည့်အလျောက်ကျေးရွာအုပ်ချုပ်ရေးမှူးအဖြစ်ဆက်လက်ထမ်းဆောင်ခြင်းမရှိသည်နှင့်တပြိုင်နက်ဒါရိုက်တာဘုတ်အဖွဲ့ ဝင်အဖြစ်မှအလိုအလျောက်ပျက်ပြယ်သွားမည်ဖြစ်ပြီးဒါရိုက်တာဘုတ်အဖွဲ့ ဝင်တစ်ယောက်အနေဖြင့်ဒါရိုက်တာဘုတ်အဖွဲ့ ဝင်အဖြစ်ဆက်လက်ထမ်းဆောင်လိုခြင်းမရှိတော့သည့်အချိန်တွင်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ မှတာဝန်ရှိသူတစ်ဦးဦးအားဒါရိုက်တာဘုတ်အဖွဲ့ ရှိရင်း၏နေရာအတွက်အစားထိုးခန့် ထားပေးရမည်ဖြစ်သည်။

## စီမံခန့် ခွဲမှုဘုတ်အဖွဲ့ ၏တာဝန်နှင့်လုပ်ပိုင်ခွင့်

၁။ နှစ်စဉ်အသုံးစရိတ်များအားစီမံခန့် ခွဲခြင်း

၂။ အတည်ပြုပေးထားသောနှစ်စဉ်အသုံးစရိတ်အတွင်းမှနေ၍ပြုပြင်ထိန်းသိမ်းရေးနှင့်အခြားလုပ်ငန်းဆောင်ရွက်ချက်များ
အကောင်အထည်ဖော်ခြင်း၊ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့် ခွဲရေးဦးစီးဌာနမှရရှိလာသောရေပေးဝေမှုနှင့်စပ်လျဉ်းသော
အသုံးစရိတ်အားအသုံးပြု၍ပြုပြင်ထိန်းသိမ်းရေးနှင့်အခြားလုပ်ငန်းများအားအကောင်အထည်ဖော်ခြင်း

၃။ ကုန်ကျစရိတ်၅၀၀,၀၀၀ကျပ်(ငါးသိန်းကျပ်)နှင့်အထက်ကုန်ကျမည့်ပြုပြင်ထိန်းသိမ်းရေးနှင့်အခြားလုပ်ငန်းများအတွက်
ဒါရိုက်တာဘုတ်အဖွဲ့ ထံမှအတည်ပြုချက်တောင်းခံခြင်း

၄။ မြောင်းမကြီး၊လက်တံမြောင်း၊လက်ခွဲမြောင်းနှင့်ရေယူပေါက်များအသစ်တည်ဆောက်ခြင်းသို့ မဟုတ်ပြန်လည်ပြင်ဆင်ခြင်းများအတွက်
ခွင့်ပြုချက်ရယူရန်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့် ခွဲရေးဦးစီးဌာနနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း

၅။ ရေယူပေါက်အသစ်များအားဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့် ခွဲရေးဦးစီးဌာန၏ခွင့်ပြုချက်ဖြင့်အတည်ပြုပေးခြင်း

၆။ ရေအသုံးချသူများအသင်းကြီးအနေဖြင့်မဖြေရှင်းနိုင်သည့်ပဋိပက္ခတစုံတရာပေါ် ပေါက်ခဲ့ပါကစီမံခန့်
ခွဲမှုဘုတ်အဖွဲ့ အတွင်းရေးမှူးမှနေ၍ပဋိပက္ခဖြစ်ပွားရာသက်ဆိုင်ရာကျေးရွာသို့ မဟုတ်ကျေးရွာများ၏ကျေး
ရွာအုပ်ချုပ်ရေးမှူးသို့ မဟုတ်ကျေးရွာအုပ်ချုပ်ရေးမှူးများ (ဒါရိုက်တာဘုတ်အဖွဲ့ ဝင်ဖြစ်သူများ)
လက်မှတ်ရေးထိုးထားသည့်တရားဝင်တိုင်ကြားစာအားစီမံကိန်းမန်နေဂျာမှတဆင့်ဆည်မြောင်းနှင့်
ရေအသုံးချမှုစီမံခန့် ခွဲရေးဦးစီးဌာနခရိုင်ရုံးသို့ မဟုတ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပေးပို့ ရမည်။

## စီမံခန့် ခွဲမှုဘုတ်အဖွဲ့ ဝင်အဖြစ်မှရပ်စဲခြင်းနှင့်ထုတ်ပယ်ခြင်း

စီမံခန့် ခွဲမှုဘုတ်အဖွဲ့ ဝင်တစ်ဦးအနေဖြင့်အောက်ဖော်ပြပါအချက်များအားကျူးလွန်ပါက

စီမံခန့် ခွဲမှုဘုတ်အဖွဲ့ ဝင်အဖြစ်မှရပ်စဲခြင်း (သို့ မဟုတ်) ထုတ်ပယ်ခြင်းခံရမည်ဖြစ်သည်။

၁။ ရန်ပုံငွေအားအလွဲသုံးစားပြုခြင်း

၂။ လက်ရှိထမ်းဆောင်နေသောတာဝန်များအားဆက်လက်ထမ်းဆောင်လိုခြင်းမရှိတော့လျှင်

၃။ အစည်းအဝေးတက်ရန်၃ကြိမ်ဆက်တိုက်ပျက်ကွက်ပြီးမိမိကိုယ်စားဆုံးဖြတ်ချက်ချမှတ်ပေးနိုင်သောလူပုဂ္ဂိုလ်တစ်ဦး ဦးအားစေလွှတ်ပေးခြင်းအလျှင်းမရှိခဲ့လျှင် (တာဝန်မှရပ်နားမည်။၃ကြိမ်အထက်ပျက်ကွက်ခဲ့ပါကထုတ်ပယ်မည်။)

၄။ လာဘ်ယူခြင်းသို့ မဟုတ်အခြားအကျင့်ပျက်ခြစားမှုတစုံတရာအားကျူးလွန်ခဲ့ပြီးယင်းကျူးလွန်မှုများအတွက် သက်သေခိုင်လုံစွာရှိခဲ့လျှင်

၅။ ထမ်းဆောင်ရမည့်တာဝန်များအားကျေပွန်အောင်ထမ်းဆောင်ခြင်းမရှိလျှင် (ပထမနှင့်ဒုတိယအကြိမ်အတွက်သတိပေးခြင်းနှင့်တတိယအကြိမ်အတွက်တာဝန်မှရပ်နားခြင်း)

## ကန်ဒိုင်တစ်ဦး၏တာဝန်နှင့်လုပ်ပိုင်ခွင့်

၁။ မိမိသက်ဆိုင်ရာရေအသုံးချသူများအဖွဲ့ ဧရိယာသို့ ၁ရက်လျှင်အနည်းဆုံး၂ ကြိမ်သွားရောက်စစ်ဆေးကြည့်ရှုရမည်။ (မနက်၊နေ့ လည် (သို့ မဟုတ်) ညနေ)

၂။ မိမိတာပန်ယူထားသောဧရိယာ၏စိုက်ပျိုးမြေဧက၊မြေအမျိုးအစားနှင့်သီးနှံအမျိုးအစားပေါ် မူတည်၍ရေလုံလောက်စွာရရှိရန်ဆောင် ရွက်ပေးရမည်။

၃။ ရေအသုံးချသူများအသင်းကြီးနှင့်ရေတင်အဆင့်ညှိနှိုင်းကွပ်ကဲမှုကော်မတီတို့ မှရေလှည့်ဇယားရေးဆွဲရန်အတွက်ခေါ် ယူသော အစည်းအဝေးများအားတက်ရောက်ရမည်ဖြစ်ပြီးရေးဆွဲထားသောရေလှည့်ဇယားအတိုင်းသာရေပေးဝေမှုအားဆောင်ရွက်ရမည်။

၄။ အဖွဲ့ခွဲကိုယ်စားလှယ်မှ တာဝန်ယူမဖြေရှင်းနိုင်သော ကိစ္စရှိလျှင်အမြန်ဆုံးဖြေရှင်းပေးရမည်။

၅။ ရေအသုံးချသူများအဖွဲ့ ရှိစည်းကမ်းဖောက်ဖျက်သောအသင်းဝင်တောင်သူများအားအဖွဲ့ ခွဲကိုယ်စားလှယ်မှအပြစ်ပေးအရေးယူခြင်းမပြု ခဲ့လျှင်ကန်ဒိုင်မှုရင်းအဖွဲ့ ခွဲကိုယ်စားလှယ်အားအပြစ်ပေးအရေးယူရမည်။

၆။ ရေပေးမည့်ရက်ကိုအဖွဲ့ ခွဲကိုယ်စားလှယ်ထံကြိုတင်အကြောင်းကြားပြီး ရေပေးဝေမှုကိုရေလှည့်ဇယားအတိုင်းရေပေးဝေမှုရှိ၊မရှိ ကြီးကြပ်စစ်ဆေးပေးရမည်။

၇။ သက်ဆိုင်ရာအဖွဲ့ခွဲများ၏ ရေယူပေါက်များကို စစ်ဆေးပေးရမည်။

၈။ သက်ဆိုင်ရာရေတင်အဆင့်မှလက်ထောက်စီမံကိန်းမန်နေဂျာ၊စက်မောင်းတာဝန်ခံနှင့်အဖွဲ့ ခွဲကိုယ်စားလှယ်တို့ နှင့်ပူးပေါင်း ဆောင်ရွက်ရမည်။

၉။ မြောင်းမကြီး၊လက်တံမြောင်း၊လက်ခွဲမြောင်းနှင့်ရေယူပေါက်များပျက်စီးပါကဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့် ခွဲရေးဦးစီးဌာနသို့ အကြောင်းကြားရမည်။

၁၀။ ရေခွန်၊ဝန်ဆောင်ခ၊ရာသီအလိုက်စုဆောင်းငွေနှင့်အသင်းဝင်ကြေးကောက်ခံမည့်ရက်အားအဖွဲ့ ခွဲကိုယ်စားလှယ်ထံကြိုတင်အသိပေးရမည်ဖြစ်ပြီးရေခွန်အားစိုက်ပျိုးဧကအမှန်အတိုင်းပေးဆောင်ခြင်းရှိ၊မရှိစစ်ဆေးရမည်။

၁၁။ အဖွဲ့ခွဲ အချင်းချင်း ညီညွှတ်အောင် ဆောင်ရွက်ပေးရမည်။

၁၂။ ရေအသုံးချသူများအဖွဲ့ အစည်းအဝေးအားဦးဆောင်ကျင်းပပေးရမည်။

၁၃။ မြောင်းနယ်နိမိတ်တွင်ကျူးကျော်နေထိုင်မှု၊သီးနှံစိုက်ပျိုးမှုများရှိပါကဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့် ခွဲရေးဦးစီးဌာနသို့ အကြောင်းကြားရမည်။

၁၄။ ရေအသုံးချစီမံခန့် ခွဲမှုနှင့်သက်ဆိုင်သောအစည်းအဝေးနှင့်သင်တန်းများသို့ တက်ရောက်ရ မည်ဖြစ်ပြီးရရှိလာသောဗဟုသုတနှင့် အချက်အလက်များအားသက်ဆိုင်ရာရေအသုံးချသူများအဖွဲ့ ရှိအဖွဲ့ ခွဲကိုယ်စားလှယ်များအားပြန်လည်မျှဝေပေးရမည်။

၁၅။ ဘက်လိုက်မှုမရှိဘဲလုပ်ငန်းများအားဆောင်ရွက်ရမည်။

၁၆။ ကောက်ယူရရှိသောအသင်းဝင်ကြေး၊ရာသီအလိုက်စုဆောင်းငွေ၊ရေခွန်၊ဝန်ဆောင်ခနှင့်ဒဏ်ကြေးငွေများအားရေအသုံးချသူများ အသင်းကြီး၏ဘဏ္ဍာရေးမှူးထံလွှဲပြောင်းအပ်နှံရမည်။

၁၇။ ကျင်းပပြီးစီးခဲ့ပြီးသောရေအသုံးချသူများအဖွဲ့ အစည်းအဝေးများအားလုံး၏အစည်းအဝေးမှတ်တမ်းများအားထိန်းသိမ်းထားရမည်။

## ကန်ဒိုင်အဖြစ်မှရပ်စဲခြင်းနှင့်ထုတ်ပယ်ခြင်း

ကန်ဒိုင်တစ်ဦးအနေဖြင့်အောက်ဖော်ပြပါအချက်များအားကျူးလွန်ပါကကန်ဒိုင်အဖြစ်မှရပ်စဲခြင်းသို့ မဟုတ်ထုတ်ပယ်ခြင်းခံရမည်။

၁။ ရန်ပုံငွေအားအလွဲသုံးစားပြုခြင်း

၂။ ထမ်းဆောင်ရမည့်တာဝန်များအားကျေပွန်စွာထမ်းဆောင်မှုမရှိခြင်း
(သက်ဆိုင်ရာတောင်သူများ၏ဂုဏ်သိက္ခာနှင့်အညီ တောင်သူများမှလုပ်ငန်းဆောင်ရွက်ချက်များအပေါ် စိတ်ကျေနပ်မှုမရှိခဲ့လျှင်)

၃။ သက်ဆိုင်ရာအဖွဲ့ အတွင်းရှိအငြင်းပွားမှုများဖြေရှင်းရာတွင်အကျင့်ပျက်ခြစားမှုကိုကျူးလွန်ခဲ့ကြောင်း
အားတစုံတစ်ဦးမှသက်သေနှင့်တကွဖော်ထုတ်ခဲ့လျှင်

၄။ ကျန်းမာရေးအခြေအနေအရတာဝန်ဆက်လက်ထမ်းဆောင်ရန်မသင့်တော်တော့လျှင်

၅။ လက်ရှိထမ်းဆောင်နေသောတာဝန်များအားဆက်လက်ထမ်းဆောင်လိုခြင်းမရှိတော့လျှင်

## ကန်ဒိုင်များ တာဝန်ပျက်ကွက်/ စည်းကမ်းဖောက်ဖျက်ပါက ပြစ်ဒဏ်များ

၁။ အစည်းအဝေးဖိတ်ကြားရန် ပျက်ကွက်ပါက ပထမအကြိမ်(သတိပေး)၊ ဒုတိယအကြိမ်(သတိပေး) ပြီးတတိယအကြိမ်ထပ်မံ ပျက်ကွက်ပါကတာဝန်မှရပ်နားခံရမည်။ (ကန်ဒိုင်အဖြစ်ယခင်လုပ်ဆောင်ခဲ့သည့် ဝန်ဆောင်ခများ ရရှိမည်မဟုတ်)

၂။ မြောင်းမကြီး၊လက်တံမြောင်းများနှင့်လက်တံမြောင်းတံခါးရွက်များပျက်ဆီးမှုအားရေအသုံးချသူများအသင်းကြီးနှင့်ဆည်မြောင်းနှင့် နှင့်ရေအသုံးချမှုစီမံခန့် ခွဲရေးဦးစီးဌာနတို့ အားအကြောင်းကြားရန်ပျက်ကွက်ခဲ့လျှင် ပထမအကြိမ်(သတိပေး)၊ဒုတိယအကြိမ်(သတိပေး)ပြီးတတိယအကြိမ်ထပ်မံပျက်ကွက်ပါကတာဝန်မှရပ်နားခံရမည်။ (ကန်ဒိုင်အဖြစ်ယခင်လုပ်ဆောင်ခဲ့သည့် ဝန်ဆောင်ခများရရှိမည်မဟုတ်)

၃။ စည်းကမ်းမလိုက်နာသောအသင်းဝင်တောင်သူနှင့်အဖွဲ့ခွဲကိုယ်စားလှယ်များအားအရေးယူရန်ပျက်ကွက်ခဲ့လျှင် ပထမအကြိမ်(သတိပေး)၊ ဒုတိယအကြိမ်(သတိပေး)ပြီးတတိယအကြိမ်ထပ်မံပျက်ကွက်ပါကတာဝန်မှရပ်နားခံရမည်။ (ကန်ဒိုင်အဖြစ်ယခင်လုပ်ဆောင်ခဲ့သည့် ဝန်ဆောင်ခများ ရရှိမည်မဟုတ်)

၄။ အဖွဲ့ခွဲများအားရေပေးရာတွင်ရေလှည့်ဇယားအတိုင်းမဆောင်ရွက်ပါကပထမအကြိမ်(၁၆၀၀၀)၊ ဒုတိယအကြိမ်(၃၂၀၀၀)ကျပ်၊တတိယအကြိမ်(၆၄၀၀၀)ကျပ်နှင့်စတုတ္ထအကြိမ်တာဝန်မှရပ်နားခံရမည်။ (ကန်ဒိုင်အဖြစ်ယခင်လုပ်ဆောင်ခဲ့သည့် ဝန်ဆောင်ခများ ရရှိမည်မဟုတ်)

၅။ ကန်ဒိုင်များသည်လည်း အသင်းဝင်များဖြစ်သဖြင့် အသင်းဝင်များလိုက်နာရမည့်စည်းကမ်းအတိုင်းလိုက်နာရမည်။ ဖောက်ဖျက်ပါကအသင်းဝင်များချမှတ်ခံရသည့် ပြစ်ဒဏ်များအတိုင်းချမှတ်ခံရမည်။

၆။ ကန်ဒိုင်မှမိမိ၏ရေအသုံးချသူအဖွဲ့အတွက်ရေတောင်းခံပေးရန်ပျက်ကွက်ခဲ့ပါက ပထမအကြိမ်(၁၆၀၀၀ကျပ်)၊ ဒုတိယအကြိမ်(၃၂၀၀၀)ကျပ်၊ တတိယအကြိမ် တာဝန်မှရပ်နား ခံရမည်။ (ကန်ဒိုင်အဖြစ်ယခင်လုပ်ဆောင်ခဲ့သည့် ဝန်ဆောင်ခများ ရရှိမည်မဟုတ်)

၇။ ကန်ဒိုင်အနေဖြင့်အဖွဲ့ခွဲကိုယ်စားလှယ်များမဖြေရှင်းနိုင်သည့်ကိစ္စများအားဖြေရှင်းပေးရန်ပျက်ကွက်ခဲ့ပါက ပထမအကြိမ်(သတိပေး)၊ ဒုတိယအကြိမ်(သတိပေး) ပြီးတတိယအကြိမ်ထပ်မံပျက်ကွက်ပါကတာဝန်မှရပ်နားခံရမည်။ (ကန်ဒိုင်အဖြစ်ယခင်လုပ်ဆောင်ခဲ့သည့် ဝန်ဆောင်ခများ ရရှိမည်မဟုတ်)

## အဖွဲ့ ခွဲကိုယ်စားလှယ်တစ်ဦး၏တာဝန်နှင့်လုပ်ပိုင်ခွင့်

၁။ မိမိအဖွဲ့ခွဲအတွင်းရှိ မြေအမျိုးအစား၊သီးနှံအမျိုးအစားနှင့်စိုက်ပျိုးမြေဧကစုစုပေါင်း(သီးနှံအမျိုးအစားအလိုက်ခွဲခြားထားသည့်)ပေါ်တွင် မူတည်၍ရေပေးဝေမှုအားဆောင်ရွက်ရမည်။

၂။ စိုက်ပျိုးရာသီမစတင်မီစိုက်ပျိုးမည့်သီးနှံနှင့်စိုက်ပျိုးမည့်ဧကစာရင်းများအားကောက်ယူထားရမည်။

၃။ ရေလှည့်ဇယားနှင့်စီမံကိန်းနှင့်သက်ဆိုင်သောသတင်းအချက်အလက်များအားသက်ဆိုင်ရာအဖွဲ့ ခွဲအတွင်းရှိတောင်သူများအားအသိ ပေးရမည်။

၄။ ရေပေးဝေချိန်တွင်မြေအမျိုးအစားနှင့်သီးနှံအလိုက်ရေခွဲဝေပေးနိုင်ရန်စီမံဆောင်ရွက်ပေးရမည်။

၅။ သက်ဆိုင်ရာအဖွဲ့ ခွဲအတွင်းရှိစိုက်ခင်းများအတွင်းရေလိုအပ်မှုရှိ/မရှိစစ်ဆေးပြီးရေပေးချိန်အတွင်းရေအမှန်တကယ်ရ/မရထပ်မံစစ်ဆေးပေးရမည်။ (ရေအမှန်တကယ်လိုအပ်နေသူကိုဦးစားပေးစနစ်ဖြင့်ရေပေးဝေရန်)

၆။ အဖွဲ့ခွဲဧရိယာအတွင်းရေအလေအလွင့်မရှိအောင်မြောင်းများကိုစစ်ဆေးပေးရမည်။

၇။ အဖွဲ့ခွဲအတွင်းရေလိုအပ်လျှင်ကန်ဒိုင်ထံအကြောင်းကြားပေးရမည်။

၈။ မိမိအဖွဲ့ခွဲအတွင်းရှိတောင်သူများကိုလိုအပ်လျှင်လိုအပ်သလိုအစည်းအဝေးကျင်းပပေးရမည်ဖြစ်ပြီးအစည်းအဝေးမှတ်တမ်းအားထိန်းသိမ်းထားရမည်။

၉။ အဖွဲ့ ခွဲအတွင်းရှိတောင်သူများအကြားပြဿနာများပေါ် ပေါက်ခဲ့ပါကကန်ဒိုင်နှင့်အတူပူးပေါင်းဖြေရှင်းပေးရမည်။

၁၀။ အသင်းဝင်တောင်သူများစည်းကမ်းမလိုက်နာလျှင်အများသဘောတူဆုံးဖြတ်ထားသောစည်းမျဉ်းစည်းကမ်းများနှင့်အညီအရေးယူဆောင်ရွက်ရမည်။

၁၁။ လယ်ကြားမြောင်းနှင့်ရေယူပြွန်များ သန့်ရှင်းရန်တိုက်တွန်းနိုးဆော်ပေးရမည်။

၁၂။ လယ်ကြားမြောင်းများနှင့်ရေယူပြွန်များပျက်စီးလျှင်အဖွဲ့ ခွဲအတွင်းရှိတောင်သူများအားစုစည်းပြီးအချိန်မီပြုပြင်ရမည်။

၁၃။ ရာသီတိုင်း၏သီးနှံရိတ်သိမ်းပြီးချိန် ရေခွန်၊ဝန်ဆောင်ခ၊ရာသီအလိုက်စုဆောင်းငွေနှင့်အသင်းဝင်ကြေးများကောက်ခံရာတွင်ကန်ဒိုင်နှင့်အတူပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီးကောက်ယူရရှိလာအခကြေးငွေများအားကန်ဒိုင်သို့ လွှဲပြောင်းအပ်နှံရမည်။

၁၄။ ရေအသုံးချစီမံခန့် ခွဲမှုနှင့်ဆက်နွယ်သောသင်တန်းများအားတက်ရောက်ရမည်ဖြစ်ပြီးရရှိလာသောသတင်းအချက်အလက်များအားအဖွဲ့ ခွဲအတွင်းရှိအဖွဲ့ ဝင်များအားမျှဝေပေးရမည်။

၁၅။ လိုအပ်လျှင်အဖွဲ့ခွဲကိုယ်စားလှယ်အချင်းချင်း ပူးပေါင်းပြီး ညှိနှိုင်းဆောင်ရွက်ရမည်။

၁၆။ ဘက်လိုက်မှုမရှိဘဲလုပ်ငန်းများအားဆောင်ရွက်ရမည်။

၁၇။ ရေတင်အဆင့်ရေလှည့်ဇယားဆွဲရာတွင်ပူးပေါင်းပါဝင်ပေးရမည်ဖြစ်ပြီးရရှိလာသောရေလှည့်ဇယားအတိုင်းရေပေးဝေမှုအားစီမံစီမံဆောင်ရွက်ပေးရမည်။

၁၈။ မြေကေတိုင်းတာရာတွင်တိကျမှန်ကန်မှု ရှိစေရန်အတွက်သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့်ပူးပေါင်းဆောင်ရွက်ရမည်။

၁၉။ အဖွဲ့ခွဲကိုယ်စားလှယ်အချင်းချင်း ညှိနှိုင်း၍အခါအားလျော်စွာလိုအပ်သည့် စည်းကမ်းများအားချမှတ်ပေးရမည်။

၂၀။ သက်ဆိုင်ရာအဖွဲ့ ခွဲအတွက်ရေပေးဝေနေချိန်အတောအတွင်းရေယူပေါက်များအား၁ရက်လျှင်အနည်းဆုံး ၂ ကြိမ်သွားရောက်ကြည့်ရှုစစ်ဆေးပေးရမည်။

## အဖွဲ့ ခွဲကိုယ်စားလှယ်အဖြစ်မှရပ်စဲခြင်းနှင့်ထုတ်ပယ်ခြင်း

အဖွဲ့ ခွဲကိုယ်စားလှယ်တစ်ဦးအနေဖြင့်အောက်ပါအချက်များအားကျူးလွန်ပါကအဖွဲ့ ခွဲကိုယ်စားလှယ်အဖြစ်မှရပ်နားခြင်း သို့ မဟုတ် ထုတ်ပယ်ခြင်းခံရမည်။

၁။ ရန်ပုံငွေအားအလွဲသုံးစားပြုခြင်း

၂။ ထမ်းဆောင်ရမည့်တာဝန်များအားကျေပွန်စွာထမ်းဆောင်မှုမရှိခြင်း
(သက်ဆိုင်ရာတောင်သူများ၏ဂုဏ်ရာခိုင်နှုန်းသောတောင်သူများမှလုပ်ငန်းဆောင်ရွက်ချက်များအပေါ် စိတ်ကျေနပ်မှုမရှိခဲ့လျှင်)

၃။ သက်ဆိုင်ရာအဖွဲ့ အတွင်းရှိအငြင်းပွားမှုများဖြေရှင်းရာတွင်အကျင့်ပျက်ခြစားမှုကိုကျူးလွန်ခဲ့ကြောင်းအားတစ်စုံတစ်ဦးမှသက်သေ နှင့်တကွဖော်ထုတ်ခဲ့လျှင်

၄။ ကျန်းမာရေးအခြေအနေအရတာဝန်ဆက်လက်ထမ်းဆောင်ရန်မသင့်တော်တော့လျှင်

၅။ လက်ရှိထမ်းဆောင်နေသောတာဝန်များအားဆက်လက်ထမ်းဆောင်လိုခြင်းမရှိတော့လျှင်

## အဖွဲ့ ခွဲကိုယ်စားလှယ်များတာဝန်ပျက်ကွက်/စည်းကမ်းဖောက်ဖျက်ပါကပြစ်ဒဏ်များ

၁။ အဖွဲ့ခွဲကိုယ်စားလှယ်အနေဖြင့် မိမိ၏လုပ်ငန်းတာဝန်များအားထမ်းဆောင်ရန်ပျက်ကွက်ခဲ့ပါကပြစ်ဒဏ်အနေဖြင့် ပထမအကြိမ်(သတိပေး)၊ ဒုတိယအကြိမ်(သတိပေး)ပြီး တတိယအကြိမ် ထပ်မံပျက်ကွက်ပါက တာဝန်မှ ရပ်နားခံရမည်။
(အဖွဲ့ခွဲကိုယ်စားလှယ်အဖြစ်ယခင်လုပ်ဆောင်ခဲ့ သည့်ဝန်ဆောင်ခများရရှိမည်မဟုတ်)

၂။ စည်းကမ်းမလိုက်နာသောတောင်သူများကိုအရေးယူမှုပျက်ကွက်လျှင် ပထမအကြိမ်(သတိပေး)၊ ဒုတိယအကြိမ်(သတိပေး)ပြီး တတိယအကြိမ်ထပ်မံပျက်ကွက်ပါကတာဝန်မှရပ်နားခံရမည်။
(အဖွဲ့ခွဲကိုယ်စားလှယ်အဖြစ် ယခင်လုပ်ဆောင်ခဲ့သည့် ဝန်ဆောင်ခများ ရရှိမည်မဟုတ်)

၃။ အဖွဲ့ ခွဲအတွက်ရေယူရာတွင်ကန်ဒိုင်မသိဘဲရေယူပါကပထမအကြိမ်(၁၆၀၀၀)ကျပ်၊ ဒုတိယအကြိမ် (၃၂၀၀၀)ကျပ် တတိအကြိမ်(၆၄၀၀၀)ကျပ်နှင့် စတုတ္ထအကြိမ် ထပ်မံရေယူပါကတာဝန်မှရပ်နားခံရမည်။
(အဖွဲ့ခွဲကိုယ်စားလှယ်အဖြစ် ယခင်လုပ်ဆောင်ခဲ့သည့် ဝန်ဆောင်ခများ ရရှိမည်မဟုတ်)

၄။ အဖွဲ့ ခွဲအတွင်းရေယူရာတွင်ရေလှည့်ဇယားအတိုင်းမလုပ်ဆောင်ပါက ပထမအကြိမ်(၁၆၀၀၀)၊ဒုတိယအကြိမ်(၃၂၀၀၀)ကျပ် တတိယအကြိမ်(၆၄၀၀၀)ကျပ်နှင့် စတုတ္ထအကြိမ်တာဝန်မှရပ်နားခံရမည်။
(အဖွဲ့ခွဲကိုယ်စားလှယ်အဖြစ် ယခင်လုပ်ဆောင်ခဲ့သည့် ဝန်ဆောင်ခများ ရရှိမည်မဟုတ်)

၅။ အဖွဲ့ ခွဲကိုယ်စားလှယ်များသည်လည်း အသင်းဝင်များဖြစ်သဖြင့် အသင်းဝင်များလိုက်နာရမည့်စည်းကမ်းအတိုင်းလိုက်နာရမည်။ ဖောက်ဖျက်ပါကအသင်းဝင်များချမှတ်ခံရသည့် ပြစ်ဒဏ်များအတိုင်းချမှတ်ခံရမည်။

# ငါးရှာမင်္ဂလာရေအသုံးချသူများအသင်းကြီး

# ၏

# တာဝန်နှင့်စည်းမျဉ်းစည်းကမ်းများ

## (အသင်းဝင်များအတွက်)

## အသင်းဝင်များ၏တာဝန်များ

အသင်းဝင်တစ်ဦးအနေဖြင့်

၁။ ရေအသုံးချသူများအသင်းကြီး၏အများသဘောတူဆုံးဖြတ်ချမှတ်ထားသောစည်းမျဉ်းစည်းကမ်းများအား လိုက်နာရမည်။

၂။ အများသဘောတူသတ်မှတ်စည်းကမ်းများရေးဆွဲရန်ခေါ်ယူသောအစည်းအဝေးအားမတက်ရောက်နိုင်ခဲ့ပါကပြဋ္ဌာန်းထားပြီးသော ရေအသုံးချသူများအသင်းကြီး၏စည်းမျဉ်းစည်းကမ်းများအားလိုက်နာရမည်ဖြစ်ပြီးအသစ်ရေးဆွဲပြဋ္ဌာန်းလိုက်သည့်စည်းမျဉ်းစည်းကမ်း များအားလည်းလိုက်နာရမည်ဖြစ်သည်။

၃။ လယ်ကြားမြောင်းများတူးဖော်ခြင်းနှင့်ရေယူပြွန်များတပ်ဆင်ခြင်းအားကန်ဒိုင်၊အဖွဲ့ ခွဲကိုယ်စားလှယ်နှင့်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့် ခွဲရေးဦးစီးဌာန(စီမံကိန်းမှသက်ဆိုင်ရာအင်ဂျင်နီယာ)တို့ နှင့်အတူပူးပေါင်းဆောင်ရွက်ရမည်။

၄။ ရေလုည့်ဇယားရေးဆွဲရာတွင်ကန်ဒိုင်နှင့်အဖွဲ့ ခွဲကိုယ်စားလှယ်တို့ နှင့်အတူပူးပေါင်းပါဝင်ပေးရမည်ဖြစ်ပြီး ဆုံးဖြတ်အတည်ပြုထားသော ရေလှည့်ဇယားအတိုင်းသာရေကိုရယူရမည်ဖြစ်သည်။

၅။ အဖွဲ့ ခွဲအတွင်းနှင့်မြောင်းတလျှောက်ရှိတောင်သူအချင်းချင်းပူးပေါင်းဆောင်ရွက်ရမည်။
(ရေအသုံးချသူများအဖွဲ့ တစ်ခုအတွင်းသို့ မဟုတ်မတူညီသောရေအသုံးချသူများအဖွဲ့ များအကြား)

၆။ လယ်ကြားမြောင်းများနှင့်ရေယူပြွန်များပျက်စီးပါကကန်ဒိုင်၊အဖွဲ့ ခွဲကိုယ်စားလှယ်များနှင့်အတူပူးပေါင်း ပြင်ဆင်ရမည်။

၇။ ရေသွင်းရန်လိုအပ်ပါကအဖွဲ့ ခွဲကိုယ်စားလှယ်ထံအချိန်မီအကြောင်းကြားရမည်။

၈။ အခက်အခဲသို့ မဟုတ်အငြင်းပွားမှုများပေါ်ပေါက်ခဲ့ပါကအဖွဲ့ ခွဲကိုယ်စားလှယ်ထံအချိန်မီအကြောင်းကြားရမည်။

၉။ ရေဖိုး၊ဝန်ဆောင်ခ၊ရာသီအလိုက်စုဆောင်းငွေနှင့်အသင်းဝင်ကြေးများအားအဖွဲ့ ခွဲကိုယ်စားလှယ်ထံအချိန်မီပေးဆောင်ရမည်။

၁၀။ သက်ဆိုင်ရာအဖွဲ့ ခွဲအတွင်းတူညီသောသီးနှံအမျိုးအစား(သက်တမ်းတူ)များသာစိုက်ပျိုးရမည်။

၁၁။ သက်ဆိုင်ရာအဖွဲ့ ခွဲအတွင်းလယ်ကြားမြောင်းနှင့်ရေယူပြွန်များရှင်းလင်းခြင်းနှင့်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများတွင်ပူးပေါင်းပါဝင် ရမည်။

၁၂။ ရေကိုစည်းကမ်းမဲ့စွာသုံးစွဲခြင်းမပြုလုပ်ရစနစ်တကျသုံးစွဲရန်နှင့်ရေပိုရေလျှံသိုလှောင်၍အသုံးမပြုရ။

၁၃။ မိမိသဘောဖြင့်လယ်ကြားမြောင်းများအားဖျက်စီးခြင်းမပြုရ။

၁၄။ မြောင်းဘောင်ပေါ်တွင်တိရိစ္ဆာန်(ကျွဲ၊ နွား၊ သိုး၊ ဆိတ်)များမချီရ၊ မကျောင်းရ။

၁၅။ မြောင်းအတွင်းမှရေအားမိမိ၏ရေစုပ်စက်ဖြင့်ယူလျှင်လည်း(မည့်သည့်သီးနှံအတွက်မဆို)ရေခွန်၊ ဝန်ဆောင်ခ၊ရာသီအလိုက်စုဆောင်ငွေနှင့်အသင်းဝင်ကြေးတို့ အားပေးဆောင်ရမည်ဖြစ်သည်။

၁၆။ ရေအသုံးချသူများအသင်းကြီးမှအခါအားလျော်စွာအသစ်ပြဋ္ဌာန်းသည့်သို့ မဟုတ်ပြင်ဆင်သည့်စည်းမျဉ်းစည်းကမ်းများအား လိုက်နာရမည်။

## အသင်းဝင်အဖြစ်မှရပ်စဲခြင်းနှင့်ထုတ်ပယ်ခြင်း

အသင်းဝင်တစ်ဦးအနေဖြင့်အောက်ဖော်ပြပါအချက်များအားကျူးလွန်ခဲ့ပါကအသင်းဝင်အဖြစ်မှရပ်စဲခြင်း(သို့ မဟုတ်) ထုတ်ပယ်ခြင်းခံရမည်။

၁။ စိုက်ပျိုးရေအား၃နှစ်နှင့်အထက်ရယူသုံးစွဲခြင်းမရှိခဲ့လျှင်

၂။ ရေခွန်၊ဝန်ဆောင်ခနှင့်ရာသီအလိုက်စုဆောင်းငွေအားမပေးသွင်းလျှင်
(ပထမအကြိမ်အတွက်သတိပေးခြင်း၊ဒုတိယအကြိမ်အတွက်ထုတ်ပယ်ခြင်း)

၃။ ရေအသုံးချသူများအသင်းကြီးမှချမှတ်ထားသောစည်းမျဉ်းစည်းကမ်းများအား၃ကြိမ်နှင့်အထက်ဖောက်ဖျက်ကျူးလွန်ခဲ့လျှင်
(ပထမနှင့်ဒုတိအကြိမ်အတွက်စီမံခန့် ခွဲမှုဘုတ်အဖွဲ့ နှင့်ဒါရိုက်တာဘုတ်အဖွဲ့ မှသတိပေးခြင်းတတိယအကြိမ်နှင့်အထက်
ထုတ်ပယ်ခြင်း)

၄။ ရေအသုံးချသူများအသင်းကြီးသို့ ၂နှစ်ဆက်တိုက်တရားဝင်ရေတောင်းခံခြင်းမရှိခဲ့လျှင်

၅။ ရှိပြီးသားလယ်ကြားမြောင်းများအားဖျက်ဆီးခြင်းနှင့်လယ်ကြားမြောင်းအသစ်တူးဖော်ရန်လိုအပ်ချိန်တွင်ညှိနှိုင်းဆောင်ရွက်ခြင်းမပြုနိုင်လျှင်

## အသင်းဝင်များစည်းကမ်းဖောက်ဖျက်ပါကချမှတ်ခံရမည့် ပြစ်ဒဏ်များ

၁။ အဖွဲ့ခွဲကိုယ်စားလှယ်၏ ညွှန်ကြားမှုများကိုမလိုက်နာပါကဒဏ်ကြေးအဖြစ် ပထမအကြိမ်(၈၀၀၀)ကျပ်၊ ဒုတိယအကြိမ် (၁၆၀၀၀)ကျပ်၊ တတိယအကြိမ် (၃၂၀၀၀)ကျပ်နှင့် စတုတ္ထအကြိမ် သီးနှံတစ်ရာသီ ရေယူခွင့် ရပ်နားခံရမည်။ (တစ်ကြိမ်ရေယူတိုင်း)

၂။ ရေလှည့်ဇယားဆွဲချိန်တွင် မပါဝင်ပါက အများရေးဆွဲထားသည့်အတိုင်းလိုက်နာရမည်။

၃။ မြောင်းပျက်စီးခဲ့လျှင်အဖွဲ့ခွဲကိုယ်စားလှယ်နှင့် ပူးပေါင်းဆောင်ရွက်ပေးခြင်းမရှိပါကတစ်နှစ်ပတ်လုံးရေယူခွင့်ရပ်နားခံရမည်။ (သို့မဟုတ်)ပထမအကြိမ်(၈၀၀၀)ကျပ်၊ဒုတိယအကြိမ်(၁၆၀၀၀)ကျပ်တတိယအကြိမ်(၃၂၀၀၀)ကျပ်၊စတုတ္ထအကြိမ်သီးနှံတစ်ရာသီ ရေယူခွင့်ရပ်နားခံရမည်။

၄။ ရေခွန်၊ဝန်ဆောင်ခ၊ရာသီအလိုက်စုဆောင်းငွေနှင့်အသင်းဝင်ကြေးတို့ အားသတ်မှတ်ချိန်အတွင်းမပေးဆောင်ပါကနောက်တစ်ရာသီ တွင်ရေယူခွင့်ရပ်နားခံရမည်။

၅။ သီးနှံစိုက်ပျိုးရာတွင်အဖွဲ့ ခွဲမြောင်းအတွင်းတစ်ပြိုင်နက်တည်းသီးနှံတူမစိုက်ပျိုးပါကပျက်စီး ဆုံးရှုံးမှုကိုမိမိကိုယ်တိုင်တာဝန်ယူရမည်။

၆။ ရေလှည့်ဇယားအတိုင်းရေမယူပါကဒဏ်ကြေးအဖြစ်ပထမအကြိမ်(၈၀၀၀)ကျပ်၊ ဒုတိယအကြိမ်(၁၆၀၀၀)ကျပ်၊ တတိယအကြိမ်(၃၂၀၀၀)ကျပ်နှင့် စတုတ္ထအကြိမ်သီးနှံတစ်ရာသီရေယူခွင့်ရပ်နားခံရမည်။

၇။ ရေအလေအလွင့်မရှိစေရန်စနစ်တကျဆောင်ရွက်ခြင်းမရှိပါကဒဏ်ကြေးအဖြစ် ပထမအကြိမ်(၈၀၀၀)ကျပ်၊ဒုတိယအကြိမ်(၁၆၀၀၀)ကျပ်၊တတိယအကြိမ်(၃၂၀၀၀)ကျပ်နှင့်စတုတ္ထအကြိမ်တစ်ရာသီရေယူခွင့် ရပ်နားခံရမည်။

၈။ မြောင်းအတွင်းမှရေအားမိမိရေစုပ်စက်ဖြင့်ရေယူပါကရေခွန်အပြည့်နှင့်အတူဝန်ဆောင်ခ၊ရာသီအလိုက်စုဆောင်းငွေနှင့်အသင်းဝင် ကြေးတို့ အားပေးဆောင်ရမည်။မပေးဆောင်ပါကဆည်မြောင်းဥပဒေနှင့်အညီအရေးယူခြင်းခံရမည်။

၉။ ရေယူရာတွင်မြောင်းပျက်စီးမှုဖြစ်ပေါ်ပါကဆည်မြောင်းဥပဒေနှင့်အညီအရေးယူခြင်းခံရမည်။

၁၀။ ရေယူပြွန်များတပ်ဆင်ရန်လိုအပ်ပါကဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့် ခွဲရေးဦးစီးဌာနမှတာဝန်ရှိ အင်ဂျင်နီယာ၏ညွှန်ကြားချက် တိုင်းလိုက်နာဆောင်ရွက်ရမည်။လိုက်နာဆောင်ရွက်ခြင်းမရှိပါကရေယူခွင့်ရပ်နားခံရမည်။

၁၁။ ပြဿနာတစ်စုံတရာပေါ်ပေါက်ခဲ့ပါကတောင်သူမှအဖွဲ့ ခွဲကိုယ်စားလှယ်ထံသို့အကြောင်းကြားခဲ့ခြင်းမရှိပါကဖြစ်ပေါ်လာသောကိစ္စ များအတွက်မိမိကိုယ်တိုင်တာဝန်ယူဖြေရှင်းပေးရမည်။

၁၂။ ရေယူပြီးရေယူပေါက်အားပြန်ပိတ်ခြင်းမရှိခဲ့ပါကဒဏ်ကြေးအဖြစ် ပထမအကြိမ်(၁၀၀၀၀)ကျပ်၊ဒုတိယအကြိမ်(၂၀၀၀၀)ကျပ်၊တတိယအကြိမ်(၄၀၀၀၀)ကျပ်နှင့်စတုတ္ထအကြိမ်ရေယူခွင့်ရပ်နား ခံရမည်။

၁၃။ မြောင်းဘောင်ပေါ်တွင် ကျွဲ၊ နွား၊ သိုး၊ ဆိတ်များ ချီခြင်း၊ လွှတ်ကျောင်းခြင်းများ ပြုလုပ်ပါက ကျွဲ၊နွား တစ်ကောင်လျှင်(၁၀၀၀၀)ကျပ်၊ သိုး၊ ဆိတ် တစ်ကောင်လျှင် (၂၀၀၀)ကျပ်ဒဏ်ငွေပေးဆောင်ရမည်။


| ဆောင်ရန် | ရှောင်ရန် |
| --- | --- |



ရေတင်စခန်းမှ တာဝန်ရှိသူနှင့် ဆက်သွယ်ရာတွင် အဖွဲ့ခွဲကိုယ်စားလှယ်မှတဆင့် ဆောင်ရွက်ခြင်း




ရေတင်စခန်းမှ တာဝန်ရှိသူနှင့် ဆက်သွယ်ရာတွင် လူအများ၏ တောင်းဆိုမှုများကို တချိန်တည်းတွင်ပြုလုပ်ခြင်း




လယ်ကြားမြောင်း ပုံမှန်ရှင်းလင်းခြင်း



လယ်ကြားမြောင်းအား တစ်ဦးတည်းသဘောဖြင့် ဖျက်စီးခြင်း




ရေသွင်းလိုလျှင် အဖွဲ့ခွဲကိုယ်စားလှယ်မှတဆင့် ကန်ဒိုင်ထံ တောင်းဆိုခြင်း





ရေသွင်းလိုလျှင် အခွင့်မရှိဘဲ ကိုယ်တိုင်ရေတံခါးဖွင့်ရေယူခြင်း

ဆောင်ရန်

ရှောင်ရန်





တူညီသော သီးနှံရွေးချယ်မှု



မတူညီသောသီးနှံရွေးချယ်မှု





ပြဿနာပေါ်ပေါက်လျှင် အဖွဲ့ခွဲကိုယ်စားလှယ်နှင့်အတူ ဖြေရှင်းခြင်း





ပြဿနာပေါ်ပေါက်လျှင် မိမိတို့ဘာသာ တိုက်ရိုက် ဖြေရှင်းခြင်း




သွင်းရေအား သင့်တင့်သောပမာဏဖြင့် မျှဝေသုံးစွဲခြင်း




သွင်းရေအား တစ်ဦးတည်းရယူသုံးစွဲခြင်း

| ဆောင်ရန် | ရှောင်ရန် |
| --- | --- |
|  ရေဖိုးနှင့် အခြားအခွန်အခများအား အချိန်မှန် ပေးသွင်းခြင်း |   ရေဖိုးနှင့် အခြားအခွန်အခများအား ပေးသွင်းရန် ပျက်ကွက်ခြင်း |
|  ကျွဲ၊ နွားများအား မိမိနေရာတွင်သာ လွှတ်ကျောင်းခြင်း |   ကျွဲ၊ နွားများအား မြောင်းနယ်နိမိတ်အတွင်း လွှတ်ကျောင်းခြင်း |

# ငါးရှာမင်္ဂလာ ရေအသုံးချသူများ အသင်းကြီး
# ၏
# ဒါရိုက်တာဘုတ်အဖွဲ့၊ စီမံခန့်ခွဲမှုဘုတ်အဖွဲ့နှင့်
# သက်ဆိုင်ရာရေတင်အဆင့် (၁၊ ၂၊ ၃)တို့မှ
# ကန်ဒိုင်နှင့် အဖွဲ့ခွဲကိုယ်စားလှယ်များ၏ ဖုန်းနံပါတ်များ

## ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ

| အမည် | လက်ရှိအလုပ်အကိုင် | ဖုန်းနံပါတ် |
|---|---|---|
| ဦးကျော်ဆန်းပင်း | ကျေးရွာအုပ်ချုပ်ရေးမှူး (ပျော့ရွာ) | 09-794748539 |
| ဦးလှရွှေ | ကျေးရွာအုပ်ချုပ်ရေးမှူး (နဘဲကြီး) | 09-780184110 |
| ဦးမြင့်မောင် | ကျေးရွာအုပ်ချုပ်ရေးမှူး (ကန်ဖျား) | 09-897216060 |
| ဦးနိုင်ထူး | ကျေးရွာအုပ်ရေးမှူး (ညောင်ရင်း) | 09-794392405 |
| ဦးကြည်ဆွေမင်း | ကျေးရွာအုပ်ချုပ်ရေးမှူး (မူးဝရွာထောင်) | 09-779339676 |

## စီမံခန့်ခွဲမှုဘုတ်အဖွဲ့ဝင်များ

| အမည် | လက်ရှိအလုပ်အကိုင် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|
| ဦးပင်းလှိုင် | တောင်သူ | ဥက္ကဋ္ဌ | 09-400419513 |
| ဦးမောင်ဦး | တောင်သူ | ဒု-ဥက္ကဋ္ဌ | 09-761224241 |
| ဦးဇော်လင်း | တောင်သူ | အတွင်းရေးမှူး | 09-692545807 |
| ဦးငွေးမောင် | တောင်သူ | ဘဏ္ဍာရေးမှူး | |
| ဦးကျော်ဆင့် | တောင်သူ | စာရင်းစစ် | 09-763404431 |

## ရေတင်အဆင့်ညှိနှိုင်းကွပ်ကဲရေးကော်မတီ (ရေတင်အဆင့်-၁)

| အဖွဲ့ခွဲ | မြောင်းအမှတ် | ရေအသုံးချများအဖွဲ့ | ကိုယ်စားလှယ် | ဖုန်းနံပါတ် | ကန်ဒိုင် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | *S1* | ၁ | ဦးဝင်းမောင် (စိန်) | 09-795116528 | ဦးဝင်းလှိုင် | 09-400419513 |
| ၂ | *S2* | | ဦးတုပ် | 09-790790507 | | |
| ၃ | *DO, DO-1,DO-2, M1* | | ဦးဝင်းမောင် (စန်း) | 09-797416245 | | |
| ၄ | *M2* | | ဦးမောင်အိ | 09-795116245 | | |
| ၅ | *DY-1: DO-3 to DO-7* | | ဦးစိုးဝင်း | 09-777141345 | | |
| ၆ | *DY-1: DO-8,M-4* | ၂ | ဦးဝင်းလှိုင် | 09-400419513 | | |
| ၇ | M3 | ၃ | ဦးမောင်စိုး | 09-962154233 | ဦးမြင့်အောင် | 09-761964458 |
| ၈ | DY-1Tail WC-1 | | ဦးမြင့်အောင် | 09-761964458 | | |
| ၉ | DY-1 Tail WC-2 | | ဦးမျိုးမြင့် | 09-764414677 | | |

## ရေတင်အဆင့်ညှိနှိုင်းကွပ်ကဲရေးကော်မတီ (ရေတင်အဆင့်-၂)

| အဖွဲ့ခွဲ | မြောင်းအမှတ် | ရေအသုံးချသူများအဖွဲ့ | ကိုယ်စားလှယ် | ဖုန်းနံပါတ် | ကန်ဒိုင် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | DY-1 | ၁ | ဦးခင်မောင်ထွေး | 09-777880196 | ဦးခင်မောင်ထွေး | 09-777880196 |
| ၂ | DY-2 | | ဦးစိုးနိုင် | 09-788149211 | | |
| ၃ | R-DM-1 | ၂ | ဦးဌေးမောင် | 09-763404431 | ဦးဆန်းလွင် | |
| ၄ | DY-3 | | ဦးဆန်းလွင် | | | |
| ၅ | DY-4 | ၃ | ဦးမင်းမင်းဦး | 09-400460917 | ဦးမင်းမင်းဦး | 09-400460917 |
| ၆ | R-DM-2 | | ဦးရလှ | 09-770148182 | | |
| ၇ | DY-5 | ၄ | ဦးအောင်တင့် | 09-796443638 | ဦးတိုးနိုင် | 09-795113505 |
| ၈ | DY-6 | | ဦးတိုးနိုင် | 09-795113505 | | |
| ၉ | R-DM-3 | | ဦးဝင်းရွှေ | 09-796877086 | | |
| ၁၀ | DY-7 (မြောင်းရင်း) | ၅ | ဦးသန်းဇော်ဝင်း | 09-775775279 | ဦးအောင်တင်ဝင်း | 09-786839274 |
| ၁၁ | DY-7 (မြောင်းဖျား) | | ဦးအောင်တင်ဝင်း | 09-786839274 | | |
| ၁၂ | DY-8 (မြောင်းရင်း) | ၆ | ဦးဝင်းမောင် | 09-456950880 | ဦးမျိုးဇော် | 09-780186218 |
| ၁၃ | DY-8 (မြောင်းဖျား) | | ဦးမျိုးဇော် | 09-780186218 | | |
| ၁၄ | R-DM-4 | ၇ | ဦးခိုင်စွာ | 09-797111974 | ဦးကံငြိမ်း | |
| ၁၅ | R-DM-5 | | ဦးခင်မောင်လင်း | 09-25908562 | | |
| ၁၆ | R-DM-6 | | ဦးကံငြိမ်း | | | |
| ၁၇ | DY-9 (မြောင်းရင်း) | ၈ | ဦးကျော်ကျော် | 09-790795941 | ဦးသန့်ဇင် | 09-776660967 |
| ၁၈ | DY-9 (အလယ်) | | ဦးသန့်ဇင် | 09-776660967 | | |
| ၁၉ | DY-9 (မြောင်းဖျား) | | ဦးလှချော | 09-787370044 | | |
| ၂၀ | *R-DM-7* | *၉* | ဦးခိုင်မျိုး | 09-777883392 | ဦးတင်ထွန်း | |
| ၂၁ | *DY-10* | | ဦးတင်ထွန်း | | | |
| ၂၂ | *DY-10tail* | | ဦးမောင်ဦး | 09-761224241 | | |
| ၂၃ | *R-DM-8* | | ဦးစိုးဝင်း | 09-774770752 | | |
| ၂၄ | *DY-11(မြောင်းရင်း)* | *၁၀* | ဦးသန်းမင်းထိုက် | 09-260458682 | ဦးသန်းမင်းထိုက် | 09-260458682 |
| ၂၅ | *DY-11(အလယ်)* | | ဦးသန်းဝင်း | | | |
| ၂၆ | *DY-11(မြောင်းဖျား)* | | ဦးညွန့်မြင့် | 09-424546995 | | |
| ၂၇ | *R-DM-9* | *၁၁* | ဦးဝင်းဘို | 09-790668178 | ဦးအေးမင်းထိုက် | 09-791175992 |
| ၂၈ | *R-DM-10* | | ဦးအေးမင်းထိုက် | 09-791175992 | | |
| ၂၉ | *R-DM-11* | *၁၂* | ဦးအောင်လွင် | 09-955386232 | ဦးအောင်လွင် | 09-955386232 |
| ၃၀ | *RMC (အဖျား)* | | ဦးစိုးလင်း | | | |

## ရေတင်အဆင့်ညှိနှိုင်းကွပ်ကဲရေးကော်မတီ (ရေတင်အဆင့်-၃)

| အဖွဲ့ခွဲ | မြောင်းအမှတ် | ရေအသုံးချသူများအဖွဲ့ | ကိုယ်စားလှယ် | ဖုန်းနံပါတ် | ကန်ထိုင် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | DY-1: မြောင်းရင်း | ၁ | ဦးအုန်းသီး | 09-258197985 | ဦးနိုင်လင်း | 09-768380763 |
| ၂ | DY-1: မြောင်းဖျား | | ဦးဆန်းထွန်း | 09-777156852 | | |
| ၃ | DY-1: M-1 | | ဦးနိုင်လင်း | 09-768380763 | | |
| ၄ | DY-2: မြောင်းရင်း | ၂ | ဦးထွန်းရွှေ | 09-790795740 | ဦးထွန်းရွှေ | 09-790795740 |
| ၅ | DY-2 M1 | | ဦးဇော်လင်း | 09-771553717 | | |
| ၆ | DY-2: အလယ် | | ဦးအောင်နိုင်ဆွေ | 09-427972799 | | |
| ၇ | DY-2 မြောင်းဖျား | | ဦးဂင်းနိုင် | 09-791468618 | | |
| ၈ | DY-3 မြောင်းရင်း | ၃ | ဦးအောင်ဂင်း | 09-780748661 | ဦးအောင်ဂင်း | 09-780748661 |
| ၉ | DY-3 မြောင်းဖျား | | ဦးပေါက်တူး | 09-771994599 | | |
| ၁၀ | LMC: WC11, WC12, DM1 | | ဦးကုလားကြီး | 09-767459584 | | |
| ၁၁ | LMC: WC1 to 5, F1, DM2 | | ဦးပြားချို | 09-794018141 | | |
| ၁၂ | LMC F2, F3 and DM3 | ၄ | ဦးမင်းဦး | 09-797559185 | ဦးမင်းဦး | 09-797559185 |
| ၁၃ | LMC DM4 to DM5 | | ဦးဇော်မင်းဦး | 09-792393907 | | |
| ၁၄ | LMC မြောင်းဖျား | | ဦးအောင်မြင့်ထွန်း | 09-788762882 | | |